

# ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေး
# မီးဘေးအန္တရာယ်


ပူပြင်းသော နွေရာသီတစ်ရက်တွင်...
ဟေးဟေး...! မီးရှူးမီးပန်းတွေနဲ့ ဆော့ရတာ ပျော်ဖို့ကောင်းလိုက်တာ....
ဖောင်း....
ကျီး.....
ဖောင်း...
အိုးဟို......
တစ်ခဏ အကြာတွင်...
အမလေးဗျ.....!
အရှိန်ပြင်းပြင်းဖြင့် လောင်ကျွမ်းနေသော မီးများကြောင့် ထွန်းထွန်းတစ်ယောက် အနီးရှိ ရေအိုင်နံဘေးတွင် ထိုင်နေလိုက်သည်။
ပြင်းထန်သော လေတိုက်ခတ်မှုကြောင့် အရှိန်ဖြင့်လောင်ကျွမ်းနေသော တောမီးမှာ အနီးရှိ ရွာကလေးဘက်သို့ တဖြည်းဖြည်း ချဉ်းကပ်လာသည်။
ဗီးပေါ်..
ဗီးပေါ်..
ဗီးပေါ်..
မီးလောင်နေတာလား...
အား...
ဝုန်း...
ပပ ရဲ့ လက်မှာပူနေသောတံခါး လက်ကိုင်ကိုကိုင်မိသောကြောင့် အပူလောင် သွားလေသည်။
အား.........!
ဒုန်း...


အဟွတ်... အဟွတ်....
မြေပြင်ပေါ်မှာ ဝပ်ပြီးနေရင် မီးခိုးငွေ့တွေ မွန်းနေတာ နည်းနည်း သက်သာလိမ့်မယ်...
ငါ မြေပြင်ပေါ်မှာ ဝပ်ပြီးနေလိုက်ပြီ...
ပပ... နင်ဘာမှမဖြစ်တာ ငါဝမ်းသာတယ်ဟာ...
ကယ်ကြပါဦးရှင်...!
ထိုအချိန်တွင် ပပက .. သူမဝတ်ဆင်ထားသော အဝတ်အစား မီးလောင်နေသည်ကို သတိထားမိ လိုက်သည်။
ရပ်လိုက်မပြေးနဲ့ .. ရပ်လိုက်... ပြီးရင် မြေကြီးပေါ်လှဲချပြီး ခန္ဓာကိုယ်ကို လူးလိမ့်လိုက်...
ပပမှာ သူမ၏ ခန္ဓာကိုယ်ကို မြေပြင်ပေါ်သို့ လှဲချကာ မျက်နှာကို လက်နဲ့ ကာ၍ လူးလိမ့်လိုက်သည်။
ကျေးဇူးဘဲ ထွန်းထွန်းရယ်...
ငါ့ကို ကျေးဇူးမတင်ပါနဲ့.... ဒီမီးလောင်တာ ငါ့ရဲ့ပေါ့ဆမှုကြောင့် ဖြစ်တာပါ...
ငါ သင်ခန်းစာရလိုက်ပါပြီ... နောင်ဆို ဘယ်တော့မှ မီးမကစားတော့ပါဘူး။

## အောက်ပါအချက်များသည်မီးဘေးကြုံတွေ့ရပါကဆောင်ရွက်ရန်လုပ်ငန်းများဖြစ်သည်။ ယင်းတို့ကိုသေချာစွာလေ့လာထားလျှင်သင်နှင့်သင့်မိသားစုများအတွက်စနစ်ကျသော နည်းလမ်းအသွယ်သွယ်ကိုလုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။

- မီးလောင်ကျွမ်းမှု ဖြစ်ပွားလာပါက သင်၏ မိသားစုဝင်အားလုံးကို မည်သည့်နေရာသို့ ရှောင်ပြေးရမည်ကို အသိပေးထားပါ။
- အလုပ်၊ ကျောင်း နှင့် နေအိမ်တွင် မီးလောင်ကျွမ်းမှုအန္တရာယ်မှ ရှောင်ပြေးခြင်း လေ့ကျင့်ခန်းများတွင် ပါဝင်ပါ။
- သင်၏ နေရာတွင် မီးဘေးအန္တရာယ်မှ ထွက်ပြေးပေါက် တစ်ခုထက်မက စီစဉ်ထားရှိပါ။
- မီးသုံးစွဲလျှင် လူအမြဲရှိပါစေ၊ မီးကြွင်းမီးကျန်မထားရ..
- မီးသတ်သည့် ပစ္စည်းကိရိယာ(မီးချိတ်၊ မီးကဒ်၊ မီးသတ်ဆေးဗူးနှင့် အပေါ့စားမီးသတ် စက်ငယ်) များကို အလွယ်တကူ လှမ်းယူနိုင်သည့်နေရာတွင် ထားရှိပါ။
- မီးလောင်ကျွမ်းသည့်နေရာမှ သင့်ကို အမြန်ဆုံး ထွက်ခွာသွားရန် အကြံပြုပါက ချက်ချင်း ထိုနေရာမှ ထွက်ခွာပါ။
- အကယ်၍ မီးငြိမ်းသတ်နည်းသင်တန်းများ(မီးသတ် သင်တန်း) တက်ရောက်ထားခြင်း မရှိပါက သင်၏ အသက်အန္တရာယ်ကို စွန့်ပြီး မီးငြိမ်းသတ်ရန် မကြိုး စားပါနှင့်။
- မီးလောင်ကျွမ်းနေပါက တံခါးမဖွင့်မီ
  - တံခါး၏အက်ကွဲကြောင်းများနှင့် အပေါက်များ မှ မီးခိုးများ၊ အပူရှိန်များ ထွက်လာ ခြင်းရှိ/ မရှိ ကို ပထမဦးစွာ စစ်ဆေးကြည့်ပါ
  - တံခါးလက်ကိုင်ကို ကိုင်ကြည့်ပါ။ တံခါးလက် ကိုင်မှာ ပူနေပါက ထိုတံခါးကိုမဖွင့်ပါနှင့်
  - တံခါးလက်ကိုင်မှာ အေးနေပါက ထိုတံခါးကို ဖြည်းဖြည်းချင်းဖွင့်ပြီး မီးဘေးထွက်ပေါက် လမ်းကြောင်းအတိုင်း ဂရုတစိုက်ထွက်ခွာ သွားပါ။
- မြေပြင်ပေါ်တွင် ကပ်ပြီးနေပါ။ မြေပြင်နှင့်နီးကပ် သည့်နေရာတွင် မီးခိုးများ နည်းပါးသည်။
- ကြောက်ရွံ့ထိတ်လန့်နေသည့်တိုင်အောင်  ပုန်းရှောင် မနေပါနှင့်။ ပုန်းနေလျှင်မီးသတ်သမားများက သင့်ကို ရှာတွေ့မည်မဟုတ်ပါ...။
- သင့်အိမ်ရှိ မီးလောင်ကျွမ်းမှု သတိပေးကိရိယာ ကောင်း/မကောင်းကို ပုံမှန်စစ်ဆေးပါ။
- အကယ်၍ သင်ဝတ်ထားသော အဝတ်အစားများ မီးလောင်ကျွမ်းလာပါက မြေပြင်ပေါ်တွင် ခန္ဓာကိုယ် ကို လှဲချပြီး လူးလှိမ့်လိုက်ပါ။



*www.redcross.org/prepare/disaster/home-fire*
တွင် ဖတ်ရှုနိုင်ပါသည်။


မြန်မာနိုင်ငံကြက်ခြေနီအသင်း

ရာဇသင်္ဂဟလမ်းမကြီး၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်။

ဖုန်း/ဖက်စ် - ၀၆၇ - ၄၁၉၀၄၀

**www.myanmarredcrosssociety.org**



၏အကူအညီဖြင့်ဆောင်ရွက်သည်။

လူသားချင်းစာနာထောက်ထားမှု
အကူအညီပေးရေးနှင့် ကယ်ဆယ်ရေး

International Federation
of Red Cross and Red Crescent Societies

香港紅十字會
HONG KONG RED CROSS

Norwegian **Red Cross**